ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်




## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၁/၂၀၂၀)

Ayeyarwady Hluttaw

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်

ဧရာဝတီတိုင်းဒေသကြီး၏

နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၈၂ ခုနှစ် ၊ နယုန်လပြည့်ကျော် ၅ ရက်

( ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်)

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း (၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ နှင့် စပ်လျဉ်း၍ ဇယား (၁) နှင့် (၂) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

Ayeyarwady Hluttaw

(ခ) ပုဒ်မခွဲ (က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည်၂၀၁၉-၂၀၂၀ခု၊ဘဏ္ဍာရေးနှစ်ဧရာဝတီတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည် ဟုမှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ပါတာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်မိမိအားတာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်ဧရာဝတီတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။



**ဝန်ကြီးချုပ်**

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

Ayeyarwady Hluttaw

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၇.၃၇၂ | | | ၆၅၈၅.၀၃၈ | | | | ၆၆၂၂.၄၁၀ |
| ၂ | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၂၀၅.၈၇၇ | | | | ၂၀၅.၈၇၇ |
| ၃ | ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၆.၁၄၄ | | | | | | | ၆.၁၄၄ |
| ၄ | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၁၃.၈၄၅ | | | | | | | ၁၁၃.၈၄၅ |
| | | | ပေါင်း | ၁၅၇.၃၆၁ | | | ၆၇၉၀.၉၁၅ | | | | ၆၉၄၈.၂၇၆ |

Ayeyarwady Hluttaw

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် | ၁၂၂.၈၁၆ | | | ၄၂.၉၂၄ | | | | ၁၆၅.၇၄၀ |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ<br>တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၂၂.၈၁၆ | | | ၄၂.၉၂၄ | | | | ၁၆၅.၇၄၀ |
| ၂ | ၂ | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် | ၄.၄၆၅ | | | ၂၀၄.၀၀၀ | | | | ၂၀၈.၄၆၅ |
| | | ၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁.၀၆၉ | | | | | | | ၁.၀၆၉ |
| | | ၂။မီးသတ်ဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃.၃၉၆ | | | ၂၀၄.၀၀၀ | | | | ၂၀၇.၃၉၆ |
| ၃ | ၃ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | ၎င်း | ၅၃.၀၈၇ | | | ၉၂.၀၁၈ | | | | ၁၄၅.၁၀၅ |
| | | ၁။စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၉.၂၁၂ | | | ၅၁.၀၁၈ | | | | ၁၀၀.၂၃၀ |
| | | ၂။ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၃.၈၇၅ | | | ၄၁.၀၀၀ | | | | ၄၄.၈၇၅ |
| ၄ | ၅ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၈၀.၉၁၂ | | | ၄၈.၂၂၇ | | | | ၁၂၉.၁၃၉ |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | | ၈၀.၉၁၂ | | | ၃၉.၂၃၂ | | | | ၁၂၀.၁၄၄ |
| | | ၂။မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | | ၈.၀၆၅ | | | | ၈.၀၆၅ |
| | | ၃။သမဝါယမဦးစီးဌာန | | | | | ၀.၉၃၀ | | | | ၀.၉၃၀ |
| ၅ | ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၂.၁၃၉ | | | | | | | ၂.၁၃၉ |
| | | ၁။ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂.၁၃၉ | | | | | | | ၂.၁၃၉ |
| ၆ | ၇ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၎င်း | ၀.၇၃၂ | | | ၄၀.၇၆၇ | | | | ၄၁.၄၉၉ |
| | | ၁။အားကစားနှင့်ကာယပညာဦးစီးဌာန | | ၀.၇၃၂ | | | ၄၀.၇၆၇ | | | | ၄၁.၄၉၉ |
| ၇ | ၈ | ဆောက်လုပ်ရေး | ၎င်း | ၁၁၄၄.၁၆၀ | | | ၄၃၈၀.၇၈၀ | | | | ၅၅၂၄.၉၄၀ |
| | | ၁။မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၆၅.၆၂၇ | | | | ၆၅.၆၂၇ |
| | | ၂။လမ်းဦးစီးဌာန | | ၁၁၀၀.၀၀၀ | | | ၂၄၅၀.၁၅၃ | | | | ၃၅၅၀.၁၅၃ |
| | | ၃။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၄၄.၁၆၀ | | | ၁၈၆၅.၀၀၀ | | | | ၁၉၀၉.၁၆၀ |
| ၈ | ၁၀ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၄၇၀.၁၈၇ | | | ၁၀၅၄.၂၂၉ | | | | ၁၅၂၄.၄၁၆ |
| | | | ပေါင်း | ၁၈၇၈.၄၉၈ | | | ၅၈၆၂.၉၄၅ | | | | ၇၇၄၁.၄၄၃ |

Ayeyarwady Hluttaw